## တံမြက်စည်းပင်၊ ရှွေတံတိုင်း

Scientific name - *Sida acuta* Burman f.

Common name - Sida

Family - Malvaceae






အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံခြုံပုတ်ပင်မျိုးဖြစ်ပြီး ထောင်မတ်လျက်ပေါက်သည်။ ပင်စည်သည်သန်မာပြီး အောက်ခြေတွင် ကိုင်းများစွာဖြာထွက်သည်။ ၃၀ - ၁၅၀ စင်တီမီတာ မြင့်သည်။ အရွက်သည် ရွက်လွှဲထွက်ပြီး အောက်ခြေဝိုင်း၍ အထက်သို့ ချွန်သွားသည်။ အရွက်နားတွင် အသွားလေးများပါရှိသည်။ ရွက်ကြောများ ထင်ရှားသည်။ ပန်းပွင့်သည် ရွက်ကြားမှအစုံလိုက် သို့မဟုတ် တစ်ပွင့်တည်းထွက်သည်။ ပွင့်ချပ်ငါးခုပါရှိပြီး ဖြူဝါရောင်ရှိသည်။ အသီးသည်မာသော အက်ကွဲသီးဖြစ်ပြီး အညိုရောင်ရှိသည်။ အစေ့သည် သေးငယ်ပြီး နီညိုရောင် သို့မဟုတ် အနက်ရောင်ရှိပြီး သပ်ပုံစံရှိသည်။ နှစ်ဖက်စလုံးတွင် နက်သောချိုင့်ဖြစ်နေပြီး ကျောဘက်တွင် လုံးဝန်းသည်။ အစေ့ ၅ - ၈ စေ့ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။